ဘဒွဟဒွလ္ဂၤဃဥ ဧလ္ဂဥ္ဍ၀်ဒွံ့ ဧဂ္ဂၤဃဒွဲလ္ဂၤဃဒွိဂ္ဂဒွ် ဧလ္ဂဇီဩဒွံ့
Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

နိုဝင်ဘာလ၁၆ရက်၊ ၂၀၂၆ ခုနှစ်


ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊

အောက်တိုဘာလ ၁-၃၁ ရက်နေ့ထိ၊ ၂၀၂၆ ခုနှစ်

ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

စဉ်		ဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ မှ စက်တင်ဘာလ-၃၀ရက်၊ ၂၀၂၆	အောက်တိုဘာလ ၁-၃၁ရက်၊ ၂၀၂၆	စုစုပေါင်း
၁	အရပ်သားများ သတ်ဖြတ်ခံရခြင်း	၇၆၈	၆	၇၇၄
၂	အရပ်သားများ ဖမ်းဆီးခံရခြင်း	၅၉၂		၅၉၂
၃	အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း	၁၀၆၈	၂၁	၁၀၈၉
၄	**အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ**			
	လွိုင်ကော်မြို့နယ်	၁၅၉၃	၂	၁၅၉၅
	ဒီးမော့ဆိုမြို့နယ်	၇၃၆	၅	၇၄၁
	မယ်စွဲမြို့နယ်	၃၇		၃၇
	ဖယ်ခုံမြို့နယ်	၈၅၆		၈၅၆
	ဖရူဆိုမြို့နယ်	၂၇၈	၄	၂၈၂
	ဘောလခဲမြို့နယ်	၃၇		၃၇
	ရှားတောမြို့နယ်	၅၆		၅၆
	ဖားဆောင်းမြို့နယ်	၁၉၈		၁၉၈

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ အောင်တိုဘာလ ၁- ၃၁ ရက်နေ့ထိ၊ ၂၀၂၆



အာဏာသိမ်းစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုနှင့် အသေခံဒရုန်းများကြောင့် ကရင်နီပြည်နှင့် ဖယ်ခုံမြို့နယ်တွင် အရပ်သားဖဦးသေဆုံးပြီး ၂၀ဦးကျော် ဒဏ်ရာရရှိ

စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်များကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်နေပြီး၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်များ၏ အရှေ့ဘက်နှင့် အနောက်ဘက်ခြမ်းရှိ ကျေးရွာများနှင့် တောင်ယာစိုက်ခင်းများတွင် ဒရုန်းများ၊ လေယာဉ်များကို အသုံးပြု၍ နေ့စဉ် ကင်းထောက် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ရှမ်း-ကရင်နီနယ်စပ်၊ မိုးဗြဲမြို့အနောက်ဘက်တွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများမှာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ အောက်တိုဘာလအတွင်း ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ၊ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများနှင့် အသေခံဒရုန်းတိုက်ခိုက်မှုများကြောင့် အသက် (၁၄) နှစ်အောက် ကျောင်းသား (၃) ဦး အပါအဝင် အရပ်သား (၆) ဦး သေဆုံးခဲ့ပြီး၊ အရပ်သား (၂၀) ဦးကျော် ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား

အောက်တိုဘာလ ၁ရက်၊ ညဘနာရီ ဝန်းကျင်အချိန် ဖရူဆိုမြို့ အနောက်ဘက်ခြမ်းရှိ နေရာသုံးခုကို စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံး(၄)လုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ နောက်ရက် မနက်ခင်းမှာ ထိုအနောက်ဘက်ခြမ်းတစ်နေရာကို စစ်ကောင်စီတပ်မှ အသေခံဒရုန်းနှစ်စင်းဖြင့် တိုက်ခိုက် မှုပြုလုပ်ခဲ့ခြင်းကြောင့် စစ်ရှောင်နေအိမ် (၂)လုံးပျက်စီးခဲ့သည်။

အောက်တိုဘာလ ၄ရက်၊ မွန်းလွဲ ၁နာရီနှင့် ၃နာရီဝန်းကျင်အချိန်တွင် ဒီးမော့ဆို အနောက်ဘက်ခြမ်းတစ်နေရာကို စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် နေအိမ်အချို့ထိမှန်ပျက်စီးခဲ့ပြီး ကားနှစ်စင်း ပျက်စီးဆုံးရှုံးခဲ့သည်။

အောက်တိုဘာလ ၅ရက်၊ ညဝဖနာရီကျော်အချိန် ဒီးမော့ဆိုမြို့ အရှေ့ဘက်ခြမ်း နေရာတစ်နေရာကို စစ်ကောင်စီတပ်မှ အသေခံဒရုန်းနှစ်စင်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ထိုတိုက်ခိုက်မှုတွေ ထိခိုက်မှုမရှိသော်လည်း ဒေသခံပြည်သူများနှင့် စစ်ရှောင်များ စိုးရိမ်ပူပန်နေကြရသည်။

အောက်တိုဘာလ ၇ရက်၊ ညဝဖဒြ၅မိနစ်အချိန် လွိုင်ကော်မြို့အရှေ့ဘက်ခြမ်းရှိ စစ်ရှောင်စခန်း တစ်နေရာကို စစ်ကောင်စီတပ်မှ အသေခံဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ကားတစ်စီးထိခိုက်ပျက်စီးခဲ့သည်။

အောက်တိုဘာလ ၈ရက်၊ မွန်းလွဲ၂နာရီကျော်အချိန် တိုက်ပွဲပြင်းထန်နေသော ရှမ်း-ကရင်နီပြည်နယ်စပ် မိုးဗြဲမြို့အနောက်ဘက်ရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဂျက်လေယာဉ်နှစ်စင်းဖြင့် ဗုံး(၃)ကြိမ်ကြဲတိုက်ခိုက်ခဲ့သည့်အပြင် စက်သေနတ်ဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းကြောင့် အသက် (၆၅)နှစ် နှင့် (၂၁)နှစ်အရွယ် အမျိုးသားနှစ်ဦး ထိမှန်သေဆုံးခဲ့ပြီး (၁၀)ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလ ၁၀ ရက်၊ ညဝဒနာရီဝန်းကျင်အချိန် လွိုင်ကော်မြို့အရှေ့ဘက်ခြမ်းရှိ စစ်ရှောင်စခန်းတစ်နေရာကို စစ်ကောင်စီတပ်မှ အသေခံဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့ခြင်းကြောင့် စစ်ရှောင်နေအိမ်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

အောက်တိုဘာလ ၁၀ ရက်၊ ညဝဒနာရီအချိန် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းတစ်နေရာကို စစ်ကောင်စီတပ်မှ အသေခံဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အိပ်မောကြနေသော အသက် (၅၀)နှင့် (၄၀)အရွယ် အမျိုးသမီးနှစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်၁လုံး ပျက်စီးသွားခဲ့သည်။ ပြီးခဲ့သော အောက်တိုဘာလ ၈ရက်နေ့မှာလည်း ထိုကျေးရွာကို အသေခံဒရုန်းဖြင့် တိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုလည်း ဖြစ်ပွားခဲ့သည်။

အောက်တိုဘာလ ၁၃ရက်၊ ညဝဒနာရီဝန်းကျင်အချိန် ရှမ်း-ကရင်နီပြည်နယ်စပ် မိုးဗြဲမြို့ အနောက်ဘက်ခြမ်းတစ်နေရာတွင် စစ်ကောင်စီတပ်မှ လေကြောင်းသုံးပြီး ပေါင်၅၀၀ ဗုံးအပါအဝင် စုစုပေါင်းဗုံး၇လုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုတွေ ထိခိုက်မှုများမရှိသော်လည်း ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်နေကြရသည်။

အောက်တိုဘာလ ၁၇ရက်၊ ရှမ်း-ကရင်နီနယ်စပ်ရှိ မိုးမြဲမြို့အနောက်ဘက်ခြမ်းတစ်နေရာတွင် ဆိုက်ကယ်ဖြင့် စပါးသယ်ဆောင်လာသော စစ်ရှောင်အမျိုးသမီးတစ်ဦးကို စစ်ကောင်စီမှ ဒရုန်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ထိမှန်သေဆုံးခဲ့သည်။

အောက်တိုဘာလ (၁၈)ရက်၊ မွန်းလွဲ၃နာရီဝန်းကျင် ဖရူဆိုမြို့အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ဗုံး(၄)လုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ရွာထဲရှိနေအိမ် (၂)လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဖရူဆိုမြို့အရှေ့ဘက်ခြမ်း နှင့် အနောက်ဘက်ခြမ်းရှိ ကျေးရွာများ၊ တောင်ယာစိုက်ခင်းများကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ကင်းထောက်မှုများ နေ့စဉ်ရက်ဆက် ပြုလုပ်လေ့ရှိသည်။

အောက်တိုဘာလ ၂၂ရက်၊ ညသန်းခေါင်ကျော်အချိန် လွိုင်ကော်မြို့အရှေ့ဘက်ခြမ်းရှိ စစ်ရှောင် စခန်းတစ်နေရာကို စစ်ကောင်စီတပ်မှ ဂျက်ဖိုင်တာနှစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် စစ်ရှောင်ပြည်သူ ၃ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အိမ်တစ်လုံးနှင့် ဆိုင်ကယ်တစ်စီးလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

အောက်တိုဘာလ ၂၄ရက်၊ မနက်၁၁နာရီဝန်းကျင်အချိန် နန်းမယ်ခုံမြို့ရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ အသေခံဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ထိုတိုက်ခိုက်မှုတွင် ထိခိုက်ပျက်စီးမှုမရှိသော်လည်း ပြည်သူများကြားစိုးရိမ်ထိတ်လန့်နေကြသည်။

အောက်တိုဘာလ ၂၄ရက်၊ ည၁၁နာရီကျော်အချိန် ဒီးမော့ဆိုမြို့ အနောက်ဘက်ခြမ်းတစ်နေရာကို စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံး၃လုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ၂၅ရက်မနက်ပိုင်းမှာလည်း အသေခံဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့သည်။

အောက်တိုဘာလ ၃၁ရက်၊ မွန်းလွဲ ၂နာရီဝန်းကျင်ချိန် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော လွိုင်ကော်မြို့နယ် အရှေ့ဘက်ခြမ်းရှိ စစ်ရှောင်စခန်းတစ်ခု၏ စာသင်ကျောင်းကို စစ်ကောင်စီမှ တိုက်လေယာဉ် နှစ်စင်းနှင့် Y12လေယာဉ်တစ်စင်းတို့ကို အသုံးပြုကာ ဗုံးကြဲတိုက်ခိုက်မှု အကြိမ် ၂၀ကျော် ပြုလုပ်ခဲ့ခြင်းကြောင့် အသက်၁၂နှစ်အရွယ်ရှိကျောင်းသူ နှစ်ဦး၊ အသက် ၁၀နှစ်အရွယ် ကျောင်းသားတစ်ဦး ထိမှန်သေဆုံးခဲ့ရပြီး ကျောင်းသူကျောင်းသားစုစုပေါင်း ၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

contact persons:
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com